ငြိမ်းချမ်းရေး ညီညွတ်ရေးနှင့် ရှစ်လေးလုံးအလွန် စိတ်ဓာတ်

သတင်းရင်းမြစ် >
ဗုဒ္ဓဟူးနေ့၊ ဩဂုတ်လ ၁၄ ရက် ၂၀၁၃ ခုနှစ် ၀၈ နာရီ ၁၇ မိနစ်

၈ ရက်၊ ၈ လ၊ ၂၀၁၃ ရက်က ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီး ငွေရတုအခမ်းအနား ရန်ကုန်မြို့တွင် အောင်မြင်
စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြသည်။ နယ်မြို့တချို့တွင်လည်း ရှစ်လေးလုံး ငွေရတုအခမ်းအနားများ ကျင်းပပြုလုပ်သွားခဲ့
ကြသည်။ ယေဘုယျအားဖြင့်ဆိုလျှင် ယင်းရှစ်လေးလုံးအခမ်းအနားများကို လွတ်လပ်ငြိမ်းချမ်းစွာကျင်းပရန် အခွင့်အလမ်းသာခဲ့ကြသည်ဟု ဆိုရပါမည်။

အမှန်တကယ်အားဖြင့်ပြောရလျှင် မြန်မာပြည်ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကြီးထဲတွင် ယင်းရှစ်လေးလုံး အထိမ်းအမှတ်ပွဲများသည် အလွန်အရေးပါသော နိုင်ငံရေးလှုပ်ရှားမှုကြီးတစ်ခု ဖြစ်သည်ဟုဆိုရပါမည်။ ထို့ကြောင့် ယင်း
ရှစ်လေးလုံး အထိမ်းအမှတ်ပွဲများ လွတ်လပ်စွာကျင်းပပြုလုပ်ခွင့် အခြေအနေကို ပြည်သူတို့က စောင့်ကြည့်လေ့လာခဲ့
ကြရသည်။ ရှစ်လေးလုံးအခမ်းအနားများ မည်သည့်ပုံစံ၊ မည်သို့သော အတိုင်းအတာအထိ ကျင်းပခွင့်ရမည်နည်းဟု
သော မေးခွန်းမှာ တိုင်းပြည်၏ လက်ရှိအစိုးရနှင့် အခြားတာဝန်ရှိသူများက ဒီမိုကရေစီအပြောင်းအလဲအပေါ် မည်ကဲ့သို့ သဘောထားသနည်းဟူသည့် အဖြေနှင့် တိုင်းတာကြည့်ကြရမည်ဖြစ်သဖြင့် ပြည်သူတို့မှာ ရှစ်လေးလုံးအထိမ်းအမှတ်ပွဲ
များကို စိတ်ဝင်စားစွာ စောင့်ကြည့်လေ့လာခဲ့ကြရသည်။ ယခုတော့ ရှစ်လေးလုံးအထိမ်းအမှတ်ပွဲများသည် ယေဘုယျ
အားဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်သွားနိုင်ခဲ့ပြီဖြစ်သဖြင့် ပြည်သူတို့မှာ အနည်းငယ် စိတ်သက်သာရာရခဲ့ကြရသည်။

ရှစ်လေးလုံးအခမ်းအနားများ ကျင်းပနိုင်ခဲ့ကြသည်မှာ မှန်ပါသည်။ တစ်စုံတစ်ရာ လွတ်လပ်ခွင့်များရလာခဲ့ကြသည်မှာ
လည်း မငြင်းနိုင်ပါ။ သို့သော် ကျွန်ုပ်တို့သည် ရှစ်လေးလုံးစိတ်ဓာတ်အမှန်ကို ရှစ်လေးလုံး အလွန်တွင် အခိုင်အမာ
ဆုပ်ကိုင်လုပ်ကိုင်ကြဖို့ရာ ပိုပြီးအရေးကြီးသည်ကို သတိပြုကြရပါမည်။ ယင်းသို့ဆိုသဖြင့် ရှစ်လေးလုံးစိတ်ဓာတ်ဆိုသည်
မှာ အဘယ်နည်းဟု အနည်းငယ်စောကြောကြရပါမည်။

ရှစ်လေးလုံးစိတ်ဓာတ်ဆိုသည်မှာ ပြည်သူတို့၏ ဒီမိုကရေစီအခွင့်အရေးများကို ကာကွယ်ရေး၊ မည်ကဲ့သို့သော ဆူးညောင့်ခလုတ်များရှိနေပါစေ ရှေ့ဆက်တိုး၍ အလုပ်လုပ်ရေးဆိုသည်လောက်နှင့် ရှစ်လေးလုံး စိတ်ဓာတ်၏ အဓိပ္ပာယ်သည် ပြည့်စုံနိုင်ပါမည်လော။ ယခုလို မိမိတို့နိုင်ငံ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကာလ တစ်နည်းအားဖြင့်
ဆိုလျှင် မိမိတို့ တိုင်းပြည်၏ အရွေ့အပြောင်းကာလကို ဖြတ်သန်းကြရာ၌ ယင်း အထက်ပါ အဓိပ္ပာယ်လောက်နှင့် လုံလောက်မှုမရှိဆိုသည်ကို သတိချပ်ကြရပါလိမ့်မည်။

ရှစ်လေးလုံးစိတ်ဓာတ်သည် ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးရရာရ
ကြောင်း နည်းလမ်းသည်လည်း ဒီမိုကရေစီနည်းနှင့် ငြိမ်းချမ်းရေး နည်းလမ်းများပင် ဖြစ်သည်ကို သတိချပ်ကြရမည်
ဖြစ်သည်။ မှန်ပါသည်။ မိမိတို့ ပြည်သူများ သွေးနှင့် ချွေးနှင့်ရင်းနှီးစိုက်ထုတ်ခဲ့ကြရသည်ကို မည်သူမျှ မငြင်းနိုင်ပါ။ ယင်း
အနစ်နာခံမှု သမိုင်းမှာလည်း မေ့ပျောက်ခြင်းငှာ မဖြစ်နိုင်ပါ။ သို့သော် ယင်းသမိုင်းမှာ လက်စားချေရေး၊ အာဃာတထား

ရှိရေး အခြေခံပေါ်တွင် စိုက်ထူလို့ မဖြစ်ပါ။မေ့ပျောက်လို့မဖြစ်ဆိုသည်မှာ လက်စားချေဖို့ရန်မဟုတ်ဘဲ သမိုင်းသင်ခန်းစာ
ယူနိုင်ရေးအတွက်သာ မမေ့ကြရခြင်းသာဖြစ်သည်။ မြင့်မြတ်ကြီးကျယ်သည့် လူမျိုးများသည် လက်စားချေခြင်းထက် ခွင့်လွှတ်ခြင်း ပြဟ္မစိုရ်တရားကို လက်ကိုင်ထားတတ်ကြလေ့ရှိသည်ဆိုသည့် စကားအတိုင်း ယင်းတရားကိုပင် လက်ကိုင်ပြုကြရမည်သာ ဖြစ်သည်။

ယခုအခါ မိမိတို့သည် ရှစ်လေးလုံးအရေးတော်ပုံ အခမ်းအနားများကျင်းပခဲ့ကြပြီ။ ကျင်းပလို့လည်း တစ်စုံတစ်ရာ ရရှိခဲ့
ကြပြီ။ ရှစ်လေးလုံးအလွန်ခေတ်တွင် မိမိတို့သည်မည်သို့သော ရှစ်လေးလုံးစိတ်ဓာတ်ကို ဆက်လက်ကိုင်ဆွဲကြရမည်
နည်းဆိုသည့် အချက်ကို အမြဲသတိချပ်ကြရမည်ဟု ယူဆမိသည်။ ရှစ်လေးလုံးစိတ်ဓာတ် မှန်ကန်စွာကိုင်ဆွဲနိုင်ရေး
သည် ဒီမိုကရေစီရေးနှင့် ငြိမ်းချမ်းရေးအတွက် အခရာကျသော အချက်ဖြစ်သည်ဟု ယူဆရပါသည်။